# အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခ ထောက်ပံ့ကြေး နှင့်ဆိုင်သောအမေးအဖြေများ

**ကျေးဇူးပြု၍ လျှောက်လွှာ တင်ရန် ကြိုတင်စီစစ်ခြင်း မပြုလုပ်မှီ အောက်ပါတို့ကိုအရင်ဖတ်ပါရန်**

**မေးခွန်း ၁၊ ကိုဗစ်-၁၉ နှင့်ပတ်သက်သော အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခနှင့် ရေဖိုးမီးဖိုး ထောက်ပံ့ခြင်း အစီအစဉ်သည် ဘာဖြစ်ပါသလဲ။**

အဖြေ ၁၊ ကိုဗစ်-၁၉ နှင့်ပတ်သက်သော အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခနှင့် ရေဖိုးမီးဖိုး ထောက်ပံ့ခြင်းအစီအစဉ်သည် ကိုဗစ်-၁၉ကြောင့် ဆိုးရွားစွာ ထိခိုက်ခံရသော အိမ်ထောင်စုများအား ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးက ကူညီထောက်ပံ့ပေးသည့်အစီအစဉ် ဖြစ်ပါသည်။

**မေးခွန်း၂၊ ကိုဗစ်-၁၉ နှင့်ပတ်သက်သော အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခနှင့် ရေဖိုးမီးဖိုး ထောက်ပံ့ခြင်း အစီအစဉ်တွင်ပါဝင်ခွင့်ရရန်အနိမ့်ဆုံးလိုအပ်ချက်များက ဘာများဖြစ်ပါသလဲ။**

အဖြေ၂၊ ဒါးလတ်စ်မြို့နယ်အတွင်းနေထိုင်သူများ ကိုဗစ်-၁၉ ကြောင့် အလုပ်ထိခိုက်ခြင်း ဝင်ငွေထိခိုက်ခြင်း ဖြစ်ကာ နေအိမ်မှ နှင်ထုတ်ခံရမည့် အန္တရာယ်နှင့် နေအိမ်ဆုံးရှုံးမည့်အန္တရာယ်ကြုံရခြင်း များဖြစ်ပါသည်၊

(၁) လျှောက်လွှာရှင်များအား ဦးရာစနစ်ဖြင့်လက်ခံပါမည်၊

**မေးခွန်း၃၊ မည်သူများသည် လျှောက်ရန်မသင့်တော်သူများဖြစ်ပါသလဲ။**

အဖြေ၃၊ (၁) တဦးချင်းစီသော်၎င်း၊မိသားစုများသော်၎င်း ပြည်သူပိုင်အိမ်ယာများတွင်နေထိုင်ခြင်း(သို့) အိမ်ငှားခ ထောက်ပံ့ငွေဖြင့်နေထိုင်ခြင်း၊

(၂) အိမ်ထောင်စုအနေဖြင့် အခြားဌာန တခုခုမှ ဖယ်ဒရယ်အစိုးရထောက်ပံ့ငွေ ရရှိပြီးဖြစ်ခြင်း၊

(၃) မိသားစုများနေထိုင်သည့်အိမ်မှာ မိမိ မပိုင်ဆိုင်ဘဲ ဆွေမျိုးနီးစပ်များ က ပိုင်ဆိုင်သောနေရာဖြစ်ခြင်း ဆွေမျိုးနီးစပ်ဟုဆိုရာတွင်( သွေးသားတော်စပ်ခြင်း၊ ထိမ်းမြားခြင်းကြောင့်တော်စပ်ခြင်းနှင့် မွေးစားခြင်းကြောင့်တော်စပ်ခြင်း) တို့ ပါဝင်သည်။ ဆွေမျိုးနီးစပ်ဆိုသည်မှာ ဇနီး ခင်ပွန်း၊ မိဘ (မိထွေးပထွေးအပါအဝင်)၊သားသမီး(လင်ပါမယားပါသားသမီးအပါအဝင်)၊ညီအကို မောင်နှမ (အဖေတူအမေကွဲ အမေတူအဖေကွဲ အပါအဝင်)၊ အဖိုးအဖွား၊ မြေး နှင့် ယောက္ခမ ယောက်ဖ မရီး မတ် ခယ်အို ယောင်းမ တို့ ပါ ပါဝင်သည်။

(၄) ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးတွင်အလုပ်လုပ်သူများနှင့်၄င်းတို့၏ဆွေမျိုးနီးစပ်သူများလျှောက်၍မရပါ၊

ဆွေမျိုးနီးစပ်ဟုဆိုရာတွင်( သွေးသားတော်စပ်ခြင်း၊ ထိမ်းမြားခြင်းကြောင့်တော်စပ်ခြင်းနှင့်
မွေးစားခြင်းကြောင့်တော်စပ်ခြင်း)တို့ ပါဝင်သည်။ ဆွေမျိုးနီးစပ်ဆိုသည်မှာ ဇနီး ခင်ပွန်း၊ မိဘ
(မိထွေးပထွေးအပါအဝင်)၊ သားသမီး(လင်ပါမယားပါသားသမီးအပါအဝင်)၊ညီအကို မောင်နှစ်မ
(အဖေတူအမေကွဲ အမေတူအဖေကွဲ အပါအဝင်)၊ အဖိုးအဖွား၊ မြေး နှင့် ယောက္ခမ ယောက်ဖ မရီး မတ်
ခယ်အို ယောင်းမတို့ပါ ပါဝင်သည်။

**မေးခွန်း၄၊ထောက်ပံ့ ငွေတိုက်ရိုက် ရနိုင်ပါသလား၊**

အဖြေ၄၊ မရနိုင်ပါ၊ ထောက်ပံ့ငွေကို အိမ်ငှားခဖြစ်ပါက အိမ်ရှင်သို့တိုက်ရိုက်ပေးမည်ဖြစ်၍
အိမ်ချေးငွေပြန်ဆပ်ခဖြစ်ပါက ငွေချေးသူအားတိုက်ရိုက်ဆပ်ပေးမည်ဖြစ်ပြီး ရေဖိုးမီးဖိုးဖြစ်ပါက ရေ
မီး ရောင်းချသူကို တိုက်ရိုက်ပေးမည်ဖြစ်ပါသည်၊ ၄င်းတို့အနေဖြင့် ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံး
မှပေးသွင်းခြင်းကို လိုလားစွာလက်ခံမှုရှိရပါမည်။

**မေးခွန်း၅၊ ထောက်ပံ့ခြင်းအစီအစဉ်ကိုရရှိရန် စာရွက်စာတန်းများလိုအပ်ပါသလား၊**

အဖြေ၅၊ လိုပါသည်၊ သင့်အနေနှင့် အနည်းဆုံး အောက်ပါစာရွက်စာတန်းများရှိထားမှသာ လျှောက်လွှာ
တင်ရန် ကြိုတင်စီစစ်ခြင်းကို အင်တာနက်မှ၄င်း ဖုံးမှ၄င်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်၊

ကြိုတင်စီစစ်ခြင်းအတွက် အောက်ပါစာရွက်စာတန်းများလိုအပ်သည်၊

၁၊ လျှောက်လွှာရှင်သည် ကိုဗစ်-၁၉ကြောင့် ဆိုးရွားစွာထိခိုက်ခံရမှု အခြေအနေကို တင်ပြနိုင်မည့်
စာရွက်စာတမ်း များ နှင့် အောက်ပါ အချက်အလက်များ အကန့်အသတ်မရှိ ပါဝင်သည်၊ ၄င်းတို့မှာ

က. အလုပ်လုပ်နေကြောင်းသက်သေ၊ ဝင်ငွေဆုံးရှုံးကြောင်းသက်သေ၊ယာယီ (သို့ ) အမြဲတန်း။

ခ. အလုပ်လုပ်ချိန်ရှော့နည်းခြင်း။ဝင်ငွေရှော့နည်းခြင်း တို့၏သက်သေ

ဂ. ကျန်းမာရေးနှင့်မိသားစုအသုံးစရိတ်များ၍ ဝင်ငွေမလုံလောက်သဖြင့် အိမ်ငှားခ၊ အိမ်ချေးငွေပြန်ဆပ်ခ
မလုံလောက်ခြင်း ( ဥပမာ ကျောင်းများပိတ်ထား၍ ကလေးထိန်းလ ပိုကုန်ခြင်း)

၂၊ လိုအပ်သော မိတ္တူများ မှာ သက်တန်းမကုန်ဆုံးသေးသော နိုင်ငံကူးလက်မှတ်( သို့ ) ပြည်နယ်မှတ်ပုံတင် အိုင်ဒီ ကဒ် (သို့ ) ဒရိုင်ဘာလိုင်စင်ကဒ်၊(အိမ်ထောင်စုရှိ အရွယ်ရောက်သူများ အားလုံး)

၃၊ ကလေးတိုင်း၏မွေးစာရင်း **<u>မှတ်ရန်မှာ</u>** အချို့ အစီအစဉ်များတွင် အိမ်ထောင်စုဝင်အားလုံး၏မွေးစာရင်း လည်းလိုအပ်သည်၊

၄၊ ဝင်ငွေရရှိကြောင်းအထောက်အထား တစုံတရာ (အလုပ်လက်မဲ့ထောက်ပံ့ကြေး၊အလုပ်ဝင်ငွေ၊ လိုအပ်သောမိသားစုများအတွက်ယာယီထောက်ပံ့ငွေ စသဖြင့်၊

၅၊အိမ်သူအိမ်သားအားလုံး၏အတူနေထိုင်ကြောင်းသက်သေ

လျှောက်လွှာအခြေအနေစီစစ်မှု ပြီးမြောက်စေရန်နောက်ထပ် စာရွက်စာတမ်းလိုအပ်ကောင်းလိုအပ်နိုင်သည်၊

၆၊<u>အိမ်ငှားခထောက်ပံ့ကြေး</u>လျှောက်ထားသူများ အတွက်

က၊ အိမ်စာချုပ်မိတ္တူ (လက်ရှိ) နှင့်

ခ၊လစဉ်အိမ်လခပေးရန်နောက်ကျ၍ရရှိသည့်စာ (သို့ ) အိမ်မှနှင်ထုတ်သောစာ( အိမ်ထောင်စု အနေဖြင့် ကိုဗစ်-၁၉ကြောင့် ဆိုးရွားစွာ ထိခိုက်ခံမှုကို ဖေါ်ပြသည့် မည်သည့်စာရွက်စာတမ်းမဆို)

၇၊<u>အိမ်ချေးငွေပြန်ဆပ်ခ</u> လျှောက်ထားသူများအတွက်

က၊ မကြာသေးခင်က အိမ်ချေးငွေပြန်ဆပ်သည့်ရှင်းတမ်း စာရွက်

မေးခွန်း၆၊ **ကျွန်ုပ် တွင် အင်တာနက်ရှိသည် အိမ်ငှားခ/အိမ်ချေးငွေပြန်ဆပ်ခ ကို မည်သို့ လျှောက်ရပါမည်လဲ။**

အဖြေ ၆၊ မေလ ၄ ရက်နေ့ မှ စ၍ www.dallascityhall.com တွင်သွားရောက်၍ ကြိုတင်စီစစ်ခြင်းအတွက် လျှောက်လွှာဖြည့်ပါ၊

၁၊ စမတ်ဖုံးကိုသုံး၍၄င်း တက်ဘလက် (သို့ ) ကွန်ပျူတာ ဖြင့်၄င်း လျှောက်ရန်

၂၊လျှောက်လွှာတွင် ဘာသာစကားအမျိုးမျိုး ရရှိနိုင်သည်၊

**မေးခွန်း ၇၊ ကျွန်ုပ် တွင် အင်တာနက် မရှိပါ အိမ်ငှားခ/အိမ်ချေးငွေပြန်ဆပ်ခ ကို မည်သို့ လျှောက်ရပါမည်လဲ။**

အဖြေ ၇၊သင့်တွင် အင်တာနက် မရှိလျှင် မေလ ၄ ရက်နေ့ မှစ၍ ဖုံးနံပါတ် ၄၆၉-၇၄၉-၆၅၀၀ သို့ ခေါ်ဆို၍ ဖုံးဖြင့် လျှောက်လွှာ ကြိုတင်စီစစ်ခြင်းအတွက် တနင်္လာမှသောကြာထိ နံနက် ၉နာရီမှညနေ၅နာရီအထိ၊

*ဖုံးခေါ်ဆိုမှု အလွန်များပြားသဖြင့်ဖုံးလက်ခံဖြေကြားမှု ရရန်စောင့်ဆိုင်းချိန်မှာ သာမန်ထက် ပို၍ကြာနိုင်ခြင်း (သို့ ) ဖုံးလိုင်းမှ အလုပ်များနေ၍ပြန်မဖြေနိုင်ခြင်းတို့ ဖြစ်နိုင်ပါသည်၊

၁၊ ဖုံးလက်ခံဖြေကြားသူများ က အင်္ဂလိပ်ဘာသာနှင့် စပိန်ဘာသာတို့ ဖြင့်အကူအညီပေးနိုင်ပါသည်၊

**မေးခွန်း ၈၊ လျှောက်လွှာကြိုတင်စီစစ်ရာတွင် သင့်အနေဖြင့် စာရွက်စာတန်းများ ကောက်ခံခြင်း ကို တပါတည်းလုပ်မည်ဖြစ်ပါသလား၊**

အဖြေ ၈၊မကောက်ခံပါ၊ သို့ သော် လျှောက်လွှာရှင်အနေဖြင့် စာရွက်စာတမ်းများကို လက်ဝယ်အဆင်သင့်

ထားရှိပြီးမှ လျှောက်ပါရန်၊ လျှောက်လွှာတင်ရန်အရည်အချင်းစစ်ခြင်းကိုအောင်မြင်ပါက ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးမှ အထက်ပါစာရွက်စာတမ်းများကိုကောက်ခံပါမည် လျှောက်လွှာအခြေအနေ စီစစ်မှု ပြီးမြောက်စေရန်နောက်ထပ် စာရွက်စာတမ်းလိုအပ်ကောင်းလိုအပ်နိုင်သည်၊

**မေးခွန်း ၉၊ ကျွန်ုပ်၏လျှောက်လွှာကိစ္စ အချိန်ဘယ်လောက်ကြာမည်ဖြစ်ပါသလဲ၊**

အဖြေ ၉၊ လျှောက်လွှာကိစ္စကြာချိန်မှာ လျှောက်လွှာရှင်ပေါ်တွင်မူတည်သည်၊ ပျမ်းမျှအားဖြင့် စတင်စီစစ်ချိန်မှစ၍ ထောက်ပံ့ငွေကို အိမ်ရှင်/ အိမ်ဖိုးချေးထားသည့်ငွေရှင် /ရေမီးရောင်းချသူတို့ မှ

လက်ခံရရှိသည် အထိ ၄ ပတ်အထိ ကြာနိုင်ပါသည်၊

**မေးခွန်း ၁၀၊ ကျွန်ုပ်ရရှိသည့်ထောက်ပံ့ကြေးကို ပြန်ပေးရမည်လား၊**

အဖြေ ၁၀၊ ပြန်ပေးရန် မလိုပါ၊ ထောက်ပံ့ကြေးသည် ချေးငွေမဟုတ်ပါ၊

**မေးခွန်း ၁၁၊ ကျွန်ုပ်၏မိသားစုအတွက် ထောက်ပံ့ကြေးဘယ်လောက်ရနိုင်ပါသလဲ၊**

အဖြေ ၁၁၊ ထောက်ပံ့ငွေကို အိမ်ရှင်/ အိမ်ဖိုးချေးထားသည့်ငွေရှင် /ရေမီးရောင်းချသူတို့ အား တိုက်ရိုက်ပေးမည် ဖြစ်ပြီး အချိန်ကာလအားဖြင့် ၃ လ မှ ၂၄ လ အထိ နှင့် ငွေပမာဏအနေဖြင့် သင့်တော်သော မိသားစု အတွက် ဒေါ်လာ ၁၅၀၀ ထိ ရရှိနိုင်ပါသည်၊ အချိန်ကာလနှင့် နှင့် ငွေပမာဏမှာ

ရရှိသည့် ထောက်ပံ့မှု အစီအစဉ် အဆင့်ဆင့်ပေါ်မူတည်သည်၊

**မေးခွန်း ၁၂၊ အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခနှင့် ရေဖိုးမီးဖိုး နောက်ကျကြေးကိုရော ထောက်ပံ့ပါမည်လား၊**

အဖြေ ၁၂၊ မထောက်ပံ့ပါ၊ နောက်ကျကြေးများသည် ဤအစီအစဉ်နှင့် မသက်ဆိုင်ပါ၊ ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးမှ အိမ်ရှင်/ အိမ်ဖိုးချေးထားသည့်ငွေရှင် /ရေမီးရောင်းချသူတို့ အား ထိုနောက်ကျကြေးများကိုပယ်ဖျက်ပေးရန် မေးပေးလိမ့်မည်ဖြစ်ပါသည်၊ သို့ ရာတွင် အိမ်ရှင်/ အိမ်ဖိုးချေးထားသည့်ငွေရှင် /ရေမီးရောင်းချသူတို့ မှ သဘောတူမည်မတူမည်ကို အာမမခံနိုင်ပါ။

**မေးခွန်း ၁၃၊ကျွန်ုပ်သည် အိမ်ရှင်/ အိမ်ဖိုးချေးထားသည့်ငွေရှင် /ရေမီးရောင်းချ သူဖြစ်သည်၊ ကျွန်ုပ် ကို ဘယ်လို ပေးဆပ်မည်ဖြစ်ပါသလဲ၊**

အဖြေ ၁၃၊ က၊ အကယ်၍သင်သည် အိမ်ရှင်/ အိမ်ဖိုးချေးထားသည့်ငွေရှင် /ရေမီးရောင်းချသူ ဖြစ်ပြီး ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးမှ ငွေပေးချေမှုကို လိုလားစွာလက်ခံမည့်သူဖြစ်လျှင် ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံး တွင် ရောင်းချသူ အဖြစ် စာရင်း မသွင်းရသေးပါက စာရင်းသွင်းပါ၊ ပြီးလျှင် W9 ပုံစံကိုပါဖြည့်၍ RentalAndMortgageAssistance@DallasCityHall.com ကို လျှောက်လွှာတင်ပါ၊

သင်၏ အိမ်ငှား/အိမ်ချေးငွေပြန်ဆပ်ရသူ/ရေမီးသုံးစွဲသူတို့ ထောက်ပံ့ကြေး ရရှိရန် ခွင့်ပြုသည်နှင့် တပြိုင်နက် သင့်အားဆက်သွယ်မည်ဖြစ်ပါသည်၊

အဖြေ ၁၃၊ခ၊ အကယ်၍သင်သည် အိမ်ရှင်/ အိမ်ဖိုးချေးထားသည့်ငွေရှင် /ရေမီးရောင်းချသူ ဖြစ်ပြီး ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးတွင် စာရင်းပေးသွင်းထားပြီးသူဖြစ်ပါက သင်၏ အိမ်ငှား/ အိမ်ချေးငွေပြန်ဆပ်ရသူ/ရေမီးသုံးစွဲသူတို့ ထောက်ပံ့ကြေး ရရှိရန် ခွင့်ပြုသည်နှင့် တပြိုင်နက် သင့်အားဆက်သွယ်မည်ဖြစ်ပါသည်၊

အဖြေ ၁၃၊ဂ၊အကယ်၍သင်သည် အိမ်ရှင်/ အိမ်ဖိုးချေးထားသည့်ငွေရှင် /ရေမီးရောင်းချသူ ဖြစ်ပြီး ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးမှ ငွေပေးချေမှုကို လက်မခံပါက သင်၏ အိမ်ငှား/အိမ်ချေးငွေပြန်ဆပ်ရသူ /ရေမီးသုံးစွဲသူတို့ ထောက်ပံ့ကြေးမရရှိနိုင်ပါ၊

**မေးခွန်း ၁၄၊ နိုင်ငံသားမဟုတ်သူများ အနေဖြင့် မေးခွန်း ၅ တွင် ပါဝင်သည့် စာရွက်စာတမ်းများမရှိပါက ကိုဗစ်-၁၉ နှင့်ပတ်သက်သော အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခနှင့် ရေဖိုးမီးဖိုး ထောက်ပံ့ခြင်း ကို ရ နိုင်ပါသလား၊**

အဖြေ ၁၄၊က၊ ရနိုင်ပါသည်၊ ဤအစီအစဉ်၏တစိတ်တပိုင်းသည် အကျိုးအမြတ်မယူသည့်အဖွဲ့ အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်၍ ထောက်ပံ့ကြေးရနိုင် မရနိုင် သည်ကို စီမံခန့် ခွဲရန် ____________________

အဖွဲ့ တို့ န ငှ် ဆောင်ရွက်မည် ဖြစ်ပါသည်။ ဒါးလတ်စ်မြို့နယ်အတွင်းနေထိုင်သူများ အနေဖြင့် ထိုစာရွက်စာတမ်း များ မရှိသော်လည်း ပူးပေါင်းဆောင်ရွက်သည့် အကျိုးအမြတ်မယူသည့်အဖွဲ့ အစည်းများမှ တဆင့် အရေးပေါ် အထောက်အပံ့ ရနိုင်ပါသည်၊ ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံး မှ ယုံကြည်လောက်သော ပူးပေါင်းပါဝင်ကြိုးပမ်းမည့်အဆက်အသွယ် အဖွဲ့ အစည်းများကို ရှာဖွေနေပါသည်၊

**အဖြေ ၁၄၊ခ၊ အကျိုးအမြတ်မယူသည့်အဖွဲ့ အစည်းများမှာ ဘယ်သူများဖြစ်ပါသလဲ၊**

ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးမှ အကျိုးအမြတ်မယူသည့်အဖွဲ့ အစည်းများနှင့်ဆက်သွယ်လျှက်ရှိနေပြီး နောက် အပတ်များတွင် သတင်းအချက်အလက်များပိုမိုရရှိနိုင်ပါမည်၊


**မေးခွန်း ၁၅။ ဤအစီအစဉ်အတွက် ဘယ်လောက်ငွေရှိပါသလဲ**

အဖြေ ၁၅၊  ဒေါ် လာ ၁၃ သန်း ၇ သိန်း ရှိပါသည်၊

**မေးခွန်း ၁၆၊ ဤအစီအစဉ်အတွက်ငွေဘယ်က ရသလဲ၊**

အဖြေ ၁၆၊ အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခနှင့်  ရေဖိုးမီးဖိုး  ထောက်ပံ့ငွေအများစုသည် အောက်လွှတ်တော်က ရရှိပြီး ကိုဗစ်-၁၉ အရေးပေါ်  ထောက်ပံ့ငွေမှ ဖြစ်ပါသည်၊ ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံး အနေနှင့် လိုအပ်သည့်ဖြေစွက်ရန်ငွေကို  အခြားရရှိငွေများမှ ပြန်၍ရွှေ့ပြောင်းရယူပါသည်၊

ဤအစီအစဉ်အတွက် ဒါးလတ်စ်မြို့နယ်အုပ်ချုပ်ရေးရုံးမှ HUD အိုးအိမ်နှင့် မြို့ပြတိုးတက်ရေးရုံး သို့ ရန်ပုံငွေ ၂ မျိုး ရွှေ့ ပြောင်းပေးရန် တိုက်တွန်းဆော်သြလျှက်ရှိပြီး ထိုမှသာ ကျွန်ုပ်တို့ အနေဖြင့် အပိုငွေ လက်ခံရရှိမည်ဖြစ်၍ အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခနှင့်  ရေဖိုးမီးဖိုး  တို့ ကို ပိုမို ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်၊




သင်သည် ဒါးလတ်စ်တွင်နေထိုင်သူဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် ဝင်ငွေထိခိုက်ကာ အိမ်မှနှင်ထုတ်ခံရမည့် (သို့ ) အိမ်အသိမ်းခံရမည့် အန္တရာယ်နှင့် ကြုံနေရပါသလား။

သင့်အနေနှင့် အိမ်ငှားခ၊အိမ်ချေးငွေပြန်ဆပ်ခ ထောက်ပံ့ခြင်းကို ရရှိကောင်းရရှိနိုင်ပါသည်၊

လျှောက်လွှာ ကြိုတင်စီစစ်နိုင်ရန် DALLASCITYHALL.COM သို့ လျှောက်လွှာတင်ပါ. အင်တာနက်မရှိပါက ဖုံးနံပါတ် ၄၆၉-၇၄၉-၆၅၀၀ သို့ တနင်္လာမှသောကြာထိ နံနက် ၉နာရီမှညနေ၅နာရီအထိ၊ ခေါ်ဆို၍လျှောက်ထားနိုင်ပါသည်၊